**CENTRAL COMMITTEE**
**KACHIN INDEPENDENCE ORGANIZATION**

## ဖါးကန့်မြို့နယ် ငွေခါကျောက်စိမ်းလုပ်ကွက် ကမ်းပါးမြေပြိုကျမှုအပေါ် ထုတ်ပြန်ချက်

၁။ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၂)ရက်နေ့ မနက်ပိုင်းတွင် ဖားကန့်မြို့နယ် ငွေခါ ကျောက်စိမ်းလုပ်ကွက်၌ ကမ်းပါးမြေပြိုကျ၍ တနိုင်တပိုင်ကျောက်စိမ်းတူးဖေါ်သူများနှင့် ကျောက်စိမ်းရှာဖွေသူအများအပြား အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် ထိခိုက်ဒါဏ်ရာရခဲ့ခြင်းအပေါ် များစွာစိတ်မကောင်းဖြစ်ရပါသည်။

၂။ ကမ်းပါးမြေပြိုကျရခြင်းကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးကွယ်လွန် သွားရသူများနှင့် ယင်းတို့၏ ကျန်ရစ်သူမိသားစုများ၊ ဆွေမျိုးအသိုင်းအဝိုင်းများ၊ လုပ်ဖေါ်ကိုင်ဖက်များနှင့်အတူ KIO ကလည်း ထပ်တူထပ်မျှ ပူဆွေးဝမ်းနည်းခြင်း ဖြစ်ရပါသည်။

၃။ အသက်ဘေးမှလွတ်မြောက်ကာ ထိခိုက်ဒါဏ်ရာရ၍ ဆေးကုသ ခံယူနေကြသူများအတွက်လည်း စိတ်မကောင်းဖြစ်ရပါကြောင်းနှင့် အမြန်ဆုံး သက်သာပျောက်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

၄။ ငွေခါကျောက်စိမ်းလုပ်ကွက် ကမ်းပါးမြေပြိုကျသည့်ဖြစ်စဉ်တွင် ပါဝင်ကူညီပေးကြသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ မေတ္တာစေတနာများကိုလည်း အထူးလေးစားပါကြောင်းနှင့် မှတ်တမ်းတင်ထားပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုကော်မတီ
K I O

ရက်စွဲ။ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၃)ရက်။